လျှို့ဝှက်ဆန်းကြယ်စာပေမှာ ယနေ့နံပါတ်(၁) စာရေးဆရာ

# မင်းမြတ်သူရ

ညမိတ္တာ



# အခန်း(၁)

မြေလတ်ပိုင်း မြို့ကလေးတစ်မြို့မှာ ရတနာမြိုင်ဆိုတဲ့ အငြိမ့်အဖွဲ့တစ်ဖွဲ့ရှိတယ်။

ရတနာမြိုင် အငြိမ့်အဖွဲ့ရဲ့ပိုင်ရှင်က အငြိမ့်ထောင်ဆရာ ဦးဒီပါဖြစ်တယ်။

မင်းသမီးကတော့ အကနဲ့အယဉ်မှာ နာမည်သတင်းကြီးတဲ့ မြနှင်းဆီဖြစ်တယ်။ လူရွှင်တော်တွေကတော့ အာလူး၊ ကြက်သွန်၊ ငရုတ်သီးဆိုတဲ့ခပ်နောက်နောက် လူကြီးသုံးယောက်ပဲ…။

ရတနာမြိုင် အငြိမ့်ပိုင်ရှင် ဦးဒီပါမှာ မမိုးညိုဆိုတဲ့ မွေးစားသမီးတစ်ယောက်ရှိတယ်။ မမိုးညိုဟာ အငြိမ့်ထောင်ဆရာရဲ့ မွေးစားသမီးဖြစ်ပေမယ့်အောက်ခြေသိမ်း
အလုပ်တွေကိုပဲဒိုင်ခံလုပ်ရတယ်။

မမိုးညိုဟာ လူမမယ်ကလေးသာသာ အရွယ်ဖြစ်လို့ အငြိမ့်အဖွဲ့သားတွေရဲ့ တောက်တိုမယ်ရခိုင်းတဲ့ အလုပ်တွေကိုလည်း လုပ်ရတယ်။

အငြိမ့်အဖွဲ့ရဲ့ ချက်ရေးပြုတ်ရေး တာဝန်ကို ဦးတောကျော် ဆိုတဲ့လူ့ဂွစာကြီးက ယူရတယ်။

ဦးတောကျော်ကို လူ့ဂွစာကြီးလို့ ခေါ်တာက အချက်အပြုတ်တာဝန်ယူထားပေမယ့်ဈေးကိုကိုယ်တိုင်မသွားဘူး။

အငြိမ့်အဖွဲ့တွေနဲ့ စကားအပိုလည်းမပြောတတ်ဘူး။

အငြိမ့်ထောင်အိမ် အနောက်က ပျဉ်ထောင်အိမ်လေးထဲမှာ တစ်ကိုယ်တည်းနေထိုင်တယ်။

သူ့အိမ်ကို ဘယ်သူမှ လာတာမကြိုက်ဘူး။

ဈေးဝယ်စရာရှိရင်စာရွက်ထဲမှာဈေးစာရင်းရေးပြီးမမိုးညို လက်ကိုအပ်လိုက်တယ်။

မမိုးညို ဈေးကပြန်လာမှ ချက်ပြုတ်စရာတွေကို တကုတ်ကုတ်ချက်ပြုတ် တော့တာပဲ။

မမိုးညိုကတော့ ဦးတောကျော် အနားမှာ အလိုက်တသိနဲ့နေပြီးလိုအပ်တာတွေကိုကူညီပေးရတယ်။

ဒါကြောင့် မမိုးညိုက ဦးတောကျော်ကို ကူညီချက်ပြုတ် ပေးရုံမကဘူး။ မြို့တကာကဈေးတွေကိုလည်းသွားရတယ်။

မင်းသမီးမကျေနပ်လို့ ဆူတာဆဲတာဗိုက်ခေါက်လိမ်ဆွဲ တာလည်းခံရတယ်။ ဒါပေမဲ့ မမိုးညိုက အငြိမ့်အဖွဲ့ကို စိတ်ပျက်မသွားပါဘူး။

အငြိမ့်အဖွဲ့နဲ့ မြန်မာပြည်အနှံ့လှည့်ပြီး သွားရတာကိုပျော်တယ်။ မြို့တစ်မြို့ကို ရောက်တိုင်းသူ့အတွက် မှတ်သားစရာ တစ်ခုရတယ်လို့ ယူဆတယ်။

မမိုးညိုရဲ့ဘဝက ပဟေဠိဆန်လွန်းတယ်။

နှင်းတွေဝေနေတဲ့ ညတစ်ညမှာ အငြိမ့်ထောင်ဆရာရဲ့ အိမ်ရှေ့ကို အနှီးတွေ အထပ်ထပ်ရစ်ပတ်ထားတဲ့ နီတာရဲ ကလေးလေးဘဝနဲ့ ရောက်သွားတယ်။

ဦးဒီပါကောက်ချီလိုက်တော့ ချစ်စဖွယ်ကလေးငယ်လေး မမိုးညိုဖြစ်နေတယ်။

အနှီးထဲမှာ စာတစ်စောင်ပါပြီး စာထဲမှာ

'ကလေးကို ကျွေးမွေးပြုစုပါ၊ လူမမယ်ကလေးငယ်ကို စာနာပါ"

လို့ရေးထားတယ်။ ဦးဒီပါဟာစာကိုဖတ်ပြီး အလန့်တကြား ထအော်လိုက်တယ်

"အမလေး ..... လူမမယ် ကလေးငယ်ကို စာနာပါတဲ့၊ ငါ့လို တစ်ကိုယ်တည်း လူပျိုကြီးတစ်ယောက်က ကလေးတစ်ယောက်ကို ဘယ်လိုလုပ် စာနာနိုင်မှာလဲ။ မဖြစ်ဘူးကလေးကို တစ်နေရာမှာ အမြန်ဆုံးစွန့်ပစ်ရမယ်"

ဒီအချိန်မှာပဲ ဦးဒီပါရဲ့ အနားကို အငြိမ့်သမနဲ့ လူရွှင်တော်တွေရောက်ရှိလာပြီး

"မပစ်ပါနဲ့ဦးဒီပါရယ် ... ကလေးကချစ်စရာလေးပါ၊ ကလေးကို အားလုံးဝိုင်းပြီး စောင့်ရှောက်ကြမယ်၊

ကလေးကြီးလာရင်လည်း အငြိမ့်မင်းသမီး လုပ်ခိုင်းလို့ရတာပေါ့"

လို့ဆိုပြီးကလေးကို မွေးမြူဖို့ ဝိုင်းတိုက်တွန်းကြတာနဲ့ နောက်ဆုံးမှာ ဦးဒီပါလက်လျှော့ပြီး ကလေးကိုမွေးဖို့ သဘောတူလိုက်၏။

ဦးဒီပါရဲ့အိမ်ကအငြိမ့်ထောင်အိမ်ဆိုတော့အိမ်မှာ

အငြိမ့်အဖွဲ့သားတွေ မပြတ်ဘူး။ အငြိမ့်အဖွဲ့သားတွေ လက်မှာပဲ မမိုးညို ကြီးပြင်းခဲ့ရတယ်။

အငြိမ့်သမတွေရဲ့ ကလေးချော့သီချင်းတွေကို နားဆင်ပြီး အိပ်ရာဝင်ခဲ့ရတယ်။ အငြိမ့်သမတွေ လူရွှင်တော်တွေ သင်ကြားသမျှ နာယူခဲ့ရတယ်။အငြိမ့်သမတွေဟာ ရတနာမြိုင်အငြိမ့်အဖွဲ့က လမ်းခွဲကာနီးရင် မမိုးညိုကိုတရှုံ့ရှုံ့နမ်းပြီး ဝမ်းပန်းတနည်း ထွက်ခွာသွားတယ်။ မမိုးညိုဟာ ထွက်ခွာသွားတဲ့ အငြိမ့်သမရဲ့ နောက်ကျောကိုကြည့်ရင်း ရင်ထဲမှာလစ်ဟာပြီး ကျန်ရစ်ခဲ့တယ်။

# အခန်း(၂)

မမိုးညိုဟာ အငြိမ့်အဖွဲ့နောက်ကိုလိုက်နေရလို့အတန်းပညာနည်းပါးပေမယ့် လူ့ရှင်တော်ကြီးအာလူး သင်ကြားပေးလို့ အင်္ဂလိပ်စာကိုကောင်းကောင်းရေးတတ်ဖတ်တတ်တယ်။

အာလူးဟာ ဂျူး-မြန်မာ ကပြားမို့ အင်္ဂလိပ်စာ အလွန်ကောင်းတယ်။ ဒီအပြင် မမိုးညိုဟာ ဇာတ်ထဲက လူပေါင်းစုံနဲ့ နေလို့အတွေ့အကြုံအမျိုးမျိုးစုံတယ်။

ပညာအမျိုးမျိုးကိုလဲတတ်တယ်။

မိုးညိုဟာ ဘဝနာတဲ့ မိန်းကလေး တစ်ယောက်ဖြစ်လို့ ကံကြမ္မာနိမ့်ပါးတဲ့ အချိန်မှာ အိမ်နိမ့်စံဘဝနဲ့ နေရပေမဲ့ တစ်နေ့ကံကြမ္မာ မြင့်မားတဲ့အခါကောင်းရာမွန်ရာအရပ်မှာ နေနိုင်အောင် ကြိုးစားမယ်လို့ဆုံးဖြတ်ထားတယ်။

မမိုးညိုကို အငြိမ့်သမတွေသင်တဲ့ပညာထဲမှာ မကြာမီ သင်ပေးတဲ့မျက်လှည့်ပညာကိုအကြိုက်ဆုံးပဲ။ မျက်လှည့်ပြတဲ့အခါ ဖဲပွင့်ကလေး တစ်ပွင့်ကလည်းပန်းပွင့်လေးတစ်ပွင့် ဖြစ်သွားနိုင်တယ်။

ခိုငှက်လေးတစ်ကောင်ကလည်း ယုန်ကလေးတစ်ကောင် ဘဝကိုပြောင်းသွားနိုင်တယ်။ မကြာမီ သင်ပေးတဲ့ပြကွက်တွေထဲမှာ

အကြွေစေ့လေးတွေက ငွေစက္ကူဖြစ်သွားတဲ့ ပြကွက်ကို အကြိုက်ဆုံးပဲ … မမိုးညိုက ကလေးပီပီ ငွေစက္ကူဖြစ်အောင် ပြောင်းလဲတဲ့ အတတ်ကို သင်ကြားပြီး မိမိလိုအပ်တဲ့ ငွေကြေးများ ရရှိအောင် ရှာဖွေမယ်လို့စိတ်ကူးယဉ်မိတယ်။

အငြိမ့်ထောင်ဆရာဦးဒီပါရဲ့ နေအိမ်က မြေလတ်ပိုင်း မြို့တစ်မြို့မှာရှိတယ်။ မိုးတွင်းကာလပွဲနားချိန်ဆိုရင် ရတနာမြိုင်အငြိမ့်အဖွဲ့သား တချို့ဟာဦးဒီပါရဲ့အိမ်မှာ သောင်တင်နေလေ့ရှိတယ်။

ဦးဒီပါရဲ့နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဟာ မြို့စွန်ကကျယ်ဝန်းတဲ့ခြံကြီးထဲမှာ ရှိတယ်။

ခြံကြီးရဲ့အနောက်မှာ သရက်တောကြီးတစ်တော ရှိတယ်။

ဦးဒီပါရဲ့သရက်ခြံထဲက သရက်သီးတွေက အလွန်မွှေးပြီး အလွန်ချိုတယ်။ ဦးဒီပါဟာ သူ့ခြံထဲက သရက်သီးတွေကို အလွန်တန်ဘိုးထားတယ်။

သူ့သရက်တွေဟာ မြန်မာရှင်ဘုရင်တွေ လက်ထက်က ဘုရင်အတွက် သီးသန့်ဆက်သရတဲ့ သရက်သီးမျိုးလို့ ဂုဏ်ယူပြီး ပြောတယ်။

ဒီသရက်သီးတွေကို အငြိမ့်အဖွဲ့သားတွေ အလွန်သဘောကျပေမယ့် ဦးဒီပါရဲ့ခွင့်ပြုမိန့်မရဘဲ ဘယ်သူမှ မခူးဆွတ်ဝံ့ဘူး။

တစ်နေ့တော့ ဦးဒီပါရဲ့မြန်မာရှင်ဘုရင် တွေဆက်သရတဲ့ သရက်သီးမျိုးကိုခိုးယူမယ့် လူငယ်တွေပေါ်လာတယ်။ သူတို့ကတော့မြို့ထဲက စက်သူဌေးညဏ်ဝင်းရဲ့

မိမဆုံးမဖမဆုံးမသားလေး တွေပဲ။

စက်သူဌေးညဏ်ဝင်းဟာ ကလေးတွေကို သူဌေးပီပီ အလွန်အလို လိုက်တယ်။ ဒါကြောင့် စက်သူဌေးရဲ့သားတွေဟာ ကျောင်းပိတ်ရက်ဆိုရင် လေးဂွနဲ့ လောက်စာလုံးတွေ အပြည့်ထည့်ပြီး တစ်မြို့လုံးအနှံ့လှည့် သောင်းကျန်းလေ့ရှိတယ်။

တစ်နေ့တော့ စက်သူဌေးရဲ့သားသုံးယောက်ဟာ ရတနာမြိုင်ခြံထဲကိုကျူးကျော်ဝင်ရောက်လာတယ်။

မမိုးညိုဟာ ခြံအနောက်ပိုင်းမှာ ဆူဆူညံညံ အသံတွေကို ကြားလို့ သွားကြည့်လိုက်တော့ သူဌေးသားသုံးယောက်ဟာ အပင်ပေါ်က သရက်သီးတွေကိုလောက်လေးနဲ့ပစ်ချပြီး တစ်ဝစားသောက်ရုံမကဘူး။

အပင်ပေါ်က ဝင်းမှည့်နေတဲ့သရက်သီးတွေကို လက်တဲ့စမ်းတဲ့ အနေနဲ့လောက်လေးနဲ့ ပစ်ချနေကြတယ်။

သရက်သီး ဝင်းမှည့်မှည့်ကြီးတွေဟာ မြေပေါ်မှာ မြင်လို့တောင်မကောင်းဘူး။ဦးဒီပါသိရင် မိုးမီးလောင်တော့မှာပဲလို့ တွေးမိတယ်။

မမိုးညိုဟာသူဌေးသားတွေကိုဒေါသတကြီးကြည့်ပြီး

"ရပ်လိုက်စမ်းမိမဆုံးမဖမဆုံးလေးတွေ"

တားဆီးလိုက်တယ်။

ဒါပေမဲ့ သူဌေးသားတွေဟာ ငွေဂုဏ်ရှိလို့ မောက်မာသူတွေပီပီ မမိုးညိုရဲ့စကားကို နားထဲမဝင်ဘူး။ သူဌေးသားအကြီးကောင်က မမိုးညိုကိုမထီလေးစားအမူအရာနဲ့ ကြည့်ပြီး။

"နင်တို့ သရက်သီးတွေ ဘယ်လောက်တန်သလဲ၊ ငါတို့ အကုန်ပြန်လျော်ပေးနိုင်တယ်"

လို့ဆိုလိုက်တော့ မမိုးညိုရဲ့ရင်ထဲမှာ ထောင်းခနဲဖြစ်သွားပြီး......

"နင်တို့ပိုက်ဆံတွေ ဘယ်လောက်ပြန်လျော်လျော် ငါတို့သရက်သီးတွေကအပင်ပေါ်ပြန်မရောက်နိုင်ဘူး၊ မိမဆုံးမဖမဆုံးမလေးတွေရဲ့'

လို့ဆိုလိုက်တော့ သူဌေးသားတွေ မကျေမချမ်းဖြစ်သွားပြီး

"အငြိမ့်ထဲကကောင်မကများ ငါတို့ကို မိမဆုံးမဖမဆုံးမတွေတဲ့ နင်တို့သာဖက်ခွက်စားသူတောင်းစားတွေ"လို့ရိုင်းစိုင်းစွာ ပြန်ပြောလိုက်တယ်။

မမိုးညိုဟာ သူချစ်တဲ့အငြိမ့်လောကသားတွေကို ဖက်ခွက်စားသူတောင်းစားတွေလို့ စွပ်စွဲလိုက်တာကို ရင်ထဲမှာမချိအောင်နာသွားတယ်။

ဒါကြောင့် ခြံထောင့်မှာထောင်ထားတဲ့ ဝါးရင်းတုတ်ကြီးကို ကောက်ကိုင်ပြီး သူဌေးသားတွေကို လိုက်ရိုက်လိုက်တယ်။

သူဌေးသားတွေဟာ မမိုးညိုရဲ့ဝါးရင်းတုတ်ကို ကြောက်လို့ ခြံစည်းရိုးကိုဖြဲပြီးဖနောင့်နဲ့တင်ပါးတသားတည်း ကျအောင် ထွက်ပြေးကြတယ်။

သူဌေးသားသုံးယောက်ရဲ့ပြဿနာကဒီလောက်နဲ့အဆုံးသတ်မသွားဘ စက်သူဌေးကတော်ဒေါ်သောင်းတင်ဟာ ထမိန်စွန်တောင်ဆွဲပြီး အငြိမ့်ထောင်အိမ်ပေါ်ကိုတက်လာရင်း။

"ငါ့သားသုံးယောက်ကို ဝါးရင်းတုတ်နဲ့လိုက်ရိုက်တာ

ဘယ်သူလဲလို့မေးလိုက်တော့ မမိုးညိုကရင်ကိုကော့ပြီး

'ကျွန်မပဲ"

လို့မကြောက်မရွံ့ ပြန်ပြောလိုက်တော့ အငြိမ့်သမလေးတွေ တုန်လှုပ်သွားကြတယ်။ ဒေါ်သောင်းတင်က မမိုးညိုကိုမကျေမချမ်းကြည့်ပြီး။

"ညည်းကဘာဖြစ်လို့ ငါ့သားတွေကို ဝါးရင်းတုတ်နဲ့ ရိုက်တာလဲ၊ ညည်းတို့ သရက်သီးက ဘယ်လောက်တန်လို့လဲ၊ ငါ့သားတွေ စားချင်ရင် ညည်းတို့တစ်ခြံလုံး ငါဝယ်ကျွေးနိုင်တယ်ဟဲ့"

လို့ဒေါသတကြီး အော်ဟစ်လိုက်တော့ မမိုးညိုကခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး

"ရှင့်သားတွေ ဒီလောက်မိုက်ရိုင်းနေတာ ဘာကြောင့်လဲဆိုတာ အခုမှသိတယ်၊ မိမဆုံးမ ဖမဆုံးမသားတွေ ဖြစ်နေတာကိုး"

လို့ပြောလိုက်တော့ ဒေါ်သောင်းတင်ဟာ မီးပုံယမ်းကျ ဖြစ်သွားပြီး

"အငြိမ့်သမဖက်ခွက်စားက ငါ့လိုစက်သူဌေးကတော်ကို စော်ကားတာလား၊ပုလိပ်ခေါ်ပြီး ချုပ်ခိုင်းလိုက်ရမလား"

လို့ ခြိမ်းခြောက်လိုက်တော့ မမိုးညိုက မထီလေးစား ရယ်မောလိုက်ပြီး

"ပုလိပ်ခေါ်ပြီး ချုပ်ခိုင်းလိုက်မယ်ဟုတ်လား၊ ဥပဒေကိုနားလည်မှပြောပါ စက်သူဌေးကတော်ကြီးရယ် .... လောလောဆယ် ရှင့်သားနှစ်ယောက်ကိုပိုင်နက်ကျူးကျော်မှုခိုးမှုတွေနဲ့ ပုလိပ်လက်အပ်လို့ရတယ်ရှင့်၊ နောက်ပြီးအိမ်ပေါ်တက်စော်ကားနေတဲ့ ရှင့်ကိုလည်း ပိုင်နက်ကျူးကျော်မှု၊ အသရေဖျက်မှုတွေနဲ့

တရားစွဲလို့ရတယ်"

လို့ဆိုလိုက်တော့ သူဌေးကတော်ဟာ သူ့အခြေအနေ မဟန်မှန်းသိလို့ အံကိုကြိတ်ပြီး

"ကောင်မ နင်တော်တော် လူပါးဝနေပါလား၊နင် ထမင်း ဝဝသာစားထားပေတော့၊ ငါ့အကြောင်းသိစေရမယ်"

လို့ဆိုလိုက်တော့မမိုးညိုကရယ်မောပြီး "

'ဟားဟားဟား ... သေစေလိုသောသဘောနဲ့ ခြိမ်းခြောက်တဲ့အမှုတစ်မှု တောင် ထပ်တိုးလာပြီ၊ ကျွန်မဘက်မှအငြိမ့်တစ်ဖွဲ့လုံး သက်သေရှိတယ်နော်၊ သူဌေးကတော်ကြီး ငြင်းလို့မရတော့ဘူး

လို့ဆိုလိုက်တော့ ဒေါ်သောင်းတင်ဟာ စောဒက မတက်ရဲတော့ဘဲ အငြိမ့်ထောင်အိမ်က တချိုးတည်းလစ်ပြေး တော့တယ်။